# 4 လူမှုဖူလုံရေးထောက်ပံ့ကြေး

## 4-2 ထောက်ပံ့မှုအမျိုးအစား

လူမှုဖူလုံရေးထောက်ပံ့မှုတွင်အောက်ပါထောက်ပံ့မှုအမျိုးအစားများရှိသည်။ လိုအပ်ချက်ပေါ်မူတည်၍ကူညီပေးအပ်သည်။

- **လူမှုဖူလုံရေးထောက်ပံ့ကြေးအမျိုးအစား**

| ထောက်ပံ့မှုအမျိုးအစား | အကြောင်းအရာ |
|---|---|
| နေ့စဉ်နေထိုင်မှုအတွက်ထောက်ပံ့မှု | (စားစရိတ်၊ အဝတ်အစားစရိတ်၊ ရေမီးစရိတ် စသည်) နေ့စဉ်နေထိုင်မှုအတွက်လိုအပ်သောစရိတ် |
| နေထိုင်မှုထောက်ပံ့ကြေး | အိမ်လခ၊မြေငှါးခ၊အိမ်ပြင်ခ၊ အိမ်ကိုပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် စရိတ်၊<br>အိမ်ပြောင်းရွှေ့ရန်အတွက် စပေါ်ငွေစသည်များ |
| ပညာရေးထောက်ပံ့မှု | မသင်မနေရပညာရေးစနစ်နှင့်အညီလိုအပ်သောနေ့လယ်စာ၊ကျောင်းတွင်အသုံးပြုမည့်ပစ္စည်းများအတွက်ငွေကြေး |
| ဆေးကုသထောက်ပံ့မှု | ဆေးကုသရေးဌာနတွင် ဆေးကုသမှုခံယူရန်နှင့်ဆေးဝါးအတွက်လိုအပ်သောစရိတ်၊ ဆေးဖိုး၊ ဆေးကုသရန်လမ်းစရိတ်၊ မျက်မှန်စသည်များအတွက် စရိတ် |
| ပြုစုစောင့်ရှောက်ထောက်ပံ့မှု | ပြုစုစောင့်ရှောက်ဝန်ဆောင်မှုအားခံယူရန်လိုအပ်သောငွေကြေး |
| အသက်မွေးမှုလုပ်ငန်းဆိုင်ရာထောက်ပံ့မှု | အလုပ်လုပ်ရန်လိုအပ်သည့် အတတ်ပညာရယူရေးစသည်များအတွက် ကုန်ကျစရိတ်၊ အထက်တန်းကျောင်းတက်ရန် လိုအပ်သည့် စရိတ် စသည် |
| ကလေးမွေးဖွားမှုထောက်ပံ့မှု | ကလေးမွေးဖွားရန်လိုအပ်သည့် စရိတ် |
| နာရေးထောက်ပံ့မှု | အသုဘအခမ်းအနားစသည်များအတွက် စရိတ် |
| တစ်လုံးတစ်ခဲထောက်ပံ့မှု | စက္ကူအနှီး၊ ညဝတ်အကျီအစရှိသောအဝတ်အထည်၊ အိမ်ပြောင်းရွှေ့မှု၊ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးသွားသော မီးဖိုချောင်သုံးပစ္စည်းနှင့်ပန်းကန်ခွက်ယောက်စရိတ်များ၊ အထူးလိုအပ်သောခရီးစရိတ်၊ မူလတန်း၊ အလယ်တန်းတက်ရန်အတွက် ပြင်ဆင်ရန်လိုအပ်သော စရိတ်စသည်များ |
| အခြားသောကူညီမှုများ | · ပြည်သူ့ပင်စင် အာမခံအတွက် ပေးဆောင်ငွေကင်းလွတ်ခွင့်<br>· NHKအသံလွှင့်ကြေးကင်းလွတ်ခွင့် |